Network for Democracy and Development
Documentation and Research Department

P.O Box 125, Mae Sod,Tak, 63110,Thailand.  Tel : 66 81 7241281. E-mail : ndddrd@csloxinfo.com

## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၂၉၆)

### “ငြိမ်းသတ်၍မရနိုင်သော မီးတောက်မီးလျှံများ”

မေ(၂၇) အထွေထွေရွေးကောက်ပွဲ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားကိုသွားရောက်ပြီး ဆုတောင်းကြမဲ့ (၈၈)မျိုးဆက်ကျောင်းသားတွေနဲ့ အဖွဲ့ချုပ်ပါတီဝင် ပြည်သူတွေကို နအဖလက်ကိုင်တုတ် ကြံ့ဖွံ့တွေနဲ့ စွမ်းအားရှင်အမည်ခံ လူမိုက် လူရမ်းကားတွေက လမ်းကြောင်းတစ်လျှောက် အင်အားအလုံးအရင်းနဲ့ ရိုက်နှက်သတ်ဖြတ်ချေမှုန်းဖို့ စီစဉ်ထားတာကြောင့် ထိပ်တိုက်ရင်ဆိုင်မှုကို မလိုလားတဲ့ ကျောင်းသားခေါင်းဆောင်တွေက ရွှေတိဂုံဘုရားကို သွားရောက်မဲ့အစီအစဉ်ကို ဖျက်သိမ်းခဲ့ပြီး ဗဟန်းမြို့နယ်ရှိ အဖွဲ့ချုပ်ရုံးရှေ့မှာတင် ရွှေတိဂုံဘုရားကို အာရုံပြုရင်း ဝတ်ပြုဆုတောင်းမှုကို ငြိမ်းချမ်းစွာနဲ့ ပြုလုပ်ခဲ့ကြပါတယ်။

ဒီပဲယင်းလူသတ်ပွဲ (၄)နှစ်ပြည့်မြောက်ခဲ့တဲ့ မေ(၃၀)ရက်နေ့ကလည်း ကျဆုံးသွားသူတွေအတွက် ရည်စူးပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်ပြု အမျှအတန်းဝေတဲ့ အခမ်းအနားတွေကို ကြံ့ဖွံ့အဖွဲ့ဝင်တွေ၊ စွမ်းအားရှင်ဆိုသူတွေနဲ့ နအဖ အာဏာပိုင်တွေက အနှောက်အယှက်တချို့ ပေးခဲ့ကြသေးပေမဲ့ အေးချမ်းစွာနဲ့ အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခဲ့ကြတာကို တွေ့ရှိရပါတယ်။

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်မှာ အဖွဲ့ချုပ်ကဦးစီးပြုလုပ်ခဲ့တဲ့ ဆွမ်းကျွေး အမျှအတန်းဝေပွဲအခမ်းအနားကို ကြံ့ဖွံ့နဲ့စွမ်းအားရှင်ဆိုသူတွေက အဲဒီကျောင်းတိုက်မှာ အချိန်ကိုက် စင်ပြိုင် ဆွမ်းကျွေးပြီး ရန်စနှောက်ယှက်ဖို့ ကြိုးပမ်းခဲ့ကြပေမဲ့ သံဃာတော်တွေက မဆိုင်သူတွေကို ကျောင်းထဲက မောင်းထုတ်ပစ်ခဲ့တာကြောင့် အဖွဲ့ချုပ်ရဲ့အလှူပွဲဟာ အေးအေးချမ်းချမ်းနဲ့ ပြီးဆုံးခဲ့ရပါတယ်။ ရန်ကုန်တိုင်းအတွင်း အဖွဲ့ချုပ်ရုံး၊ (၁၀)မိုင်ကုန်းနဲ့ သံလျင်မြို့တွေမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အဖွဲ့ချုပ်ရဲ့ ဆွမ်းကပ်လှူပွဲတွေမှာ တာဆီးနှောက်ယှက်မှုတွေ မတွေ့ရပေမဲ့၊ ရေနံချောင်းနဲ့ တောင်တွင်းကြီးမြို့တွေမှာ ပြုလုပ်ခဲ့တဲ့ အဖွဲ့ချုပ်ရဲ့အလှူပွဲတွေမှာတော့ တားဆီးနှောက်ယှက်မှုတချို့ ရှိခဲ့တယ်လို့ဆိုပါတယ်။

မေ(၂၇)နဲ့ မေ(၃၀)ရက်နေ့တွေမှာ မြန်မာပြည်သူတွေ အင်အားအလုံးအရင်းနဲ့ ဆန္ဒပြ လှုပ်ရှားကြလိမ့်မယ်လို့ နအဖ ဗိုလ်ချုပ်ကြီးတွေက စိုးရိမ်ကြောက်လန့်နေခဲ့ကြတာကြောင့် တစ်ပြည်လုံးမှာရှိတဲ့ ကြည်း၊ ရေ၊ လေ၊ လက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို မေလ(၂၂)ရက်နေ့ကစလို့ “အရေးပေါ်ကာလ” အဖြစ် တပ်လှန့်ပြီး အသင့်ပြင်ထားခိုင်းခဲ့တာ တွေ့ရပါတယ်။ အဲဒီကာလအတွင်း ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့ရင် လက်ဦးမှုယူပြီး အင်အားသုံး ချေမှုန်းနိုင်ဖို့အတွက် တပ်တွေ၊ ယာဉ်တွေအားလုံး အသင့်အနေအထားနဲ့ ရှိနေကြဖို့၊ လူထုလှုပ်ရှားမှုသတင်းတွေကို ထောက်လှမ်းစုဆောင်းပြီး အချိန်နဲ့တပြေးညီ အထက်ကိုတင်ပြကြဖို့၊ ဆူပူအုံကြွမှုတွေ ပေါ်ပေါက်လာခဲ့ရင် လက်နက်ကိုင်တပ်တွေအနေနဲ့ ချက်ချင်းဝင်ရောက် ရှင်းလင်းတာမျိုးမလုပ်သေးပဲ ကြံ့ဖွံ့အဖွဲ့နဲ့ အမာခံစွမ်းအားရှင်တွေရဲ့ အခြေအနေကို စောင့်ကြည့် ဝန်းရံပေးကြဖို့၊ တပ်အင်အားသုံးဖို့အထိ လိုအပ်လာခဲ့ရင် သက်ဆိုင်ရာ စစ်တိုင်းမှူးတွေရဲ့ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ကြဖို့ ကက/ကြည်းက ညွှန်ကြားခဲ့ပါတယ်။

ကြပ်ပြေးနေပြည်တော်ရှိ ရဲချုပ်ရုံးကလည်း တစ်ပြည်လုံးမှာရှိတဲ့ လုံထိန်းရဲတပ်ရင်း (၁၆)ရင်းကို အင်အား(၁၀၀)စီ ပါတဲ့ လုံထိန်းတပ်ခွဲ (၂)ခွဲစီ အမြန်စုဖွဲ့ပြီး လူ၊ လက်နက်၊ အသင့်အနေအထားရှိနေဖို့၊ မျက်ရည်ယိုဗုံးပစ် ဂရင်ဒါ**(37/38)** အမျိုးအစား လက်နက်တွေကိုလည်း အသင့်ထုတ်ယူပြီး လေ့ကျင့်ထားကြဖို့၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း တွေနဲ့

ပူးပေါင်းကာ “ပြည်သူ့စွမ်းအားဖေါ်ထုတ်ရေးအဖွဲ့” တွေကို ကြိုတင်စုဆောင်းဖွဲ့စည်းပြီး ဇာတ်တိုက် လေ့ကျင့်မှုတွေနဲ့ ဟန်ချက်ညီ တိုက်ပွဲစီမံချက်တွေ အသင့်ပြုလုပ်ထားကြဖို့၊ အရပ်သားလူထုအတွင်းမှာ လိုင်စင်မဲ့ သေနတ်တွေနဲ့ ဒါးလှံ လက်နက်တွေ ကိုင်ဆောင်ထားတဲ့သတင်းတွေ ရရှိရင်လည်း အချိန်မှီ စုံစမ်းဖေါ်ထုတ်ပြီး ကြိုတင်အရေးယူထားဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။

နအဖဗိုလ်ချုပ်တွေရဲ့ ညွှန်ကြားချက်မှာပါဝင်တဲ့ “ပြည်သူ့စွမ်းအားဖေါ်ထုတ်ရေးအဖွဲ့” ဆိုတာဟာ သက်ဆိုင်ရာ မြို့နယ်တွေမှာရှိတဲ့ မယက၊ ရယက၊ ကြံ့ဖွံ့၊ မီးသတ်၊ စတဲ့ အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေနဲ့ စုဖွဲ့ထားပြီး “စွမ်းအားရှင်”လို့ အမည်လှလှလေးပေးထားတဲ့ လူမိုက်လူရမ်းကားတွေကို ကွပ်ကဲအုပ်ချုပ်ရတဲ့ လျှို့ဝှက် အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အဲဒီအဖွဲ့မှာပါဝင်တဲ့ တာဝန်ခံတွေဟာ မိမိတို့ရဲ့ အသင်းအဖွဲ့တွေထဲက အမာခံအသင်းဝင်တချို့ကို စီစစ်ရွေးချယ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆန့်ကျင်ရေး၊ လူထုဆန့်ကျင်ရေး၊ အဖျက်အမှောင့်လုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက် လေ့ကျင့်ကွပ်ကဲပေးရသူတွေ ဖြစ်ပါတယ်။

“စွမ်းအားရှင်” ဆိုတဲ့ အသုံးအနှုန်းကို ၂၀၀၃ ခုနှစ် မေ(၃၀) ဒီပဲယင်းလူသတ်ပွဲအပြီးမှာ နအဖ ဗိုလ်ချုပ်တွေက အမြဲလိုလို ထည့်သွင်းပြောဆိုခဲ့ပေမဲ့ ဒီစကားရပ်ရဲ့အဓိပ္ပါယ်နဲ့ ရည်ရွယ်ချက်ကို နအဖဗိုလ်ချုပ်တွေက တစ်ခါမှ ရှင်းမပြခဲ့ကြပါဘူး။ ဒါကြောင့် လွန်ခဲ့တဲ့ ၂၀၀၆ခုနှစ် နိုဝင်ဘာလ (၂)ရက်နေ့က ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နအဖရဲ့ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆)မှာ ဂျီဂျီသတင်းဌာန သတင်းထောက် ဦးအောင်သူမြင့် က အဲဒီအဓိပ္ပါယ်ကို ရှင်းပြပေးဖို့ ရဲချုပ်ခင်ရီ ကို မေးမြန်းခဲ့ပါတယ်။ ရဲချုပ် ခင်ရီ က “အခု ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ စတဲ့ လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်တဲ့အခါမှာ မီးသတ်တို့၊ ကြက်ခြေနီတို့၊ ရယကတို့၊ စသည်ဖြင့် အဲဒီပုဂ္ဂိုလ်တွေဟာ လစာရိက္ခာ တစ်ပြားတစ်ချပ်မှ မရဘဲနဲ့ သီးခြားစေတနာအလျှောက် ကူညီပေးနေတဲ့ စွမ်းအားများ ဖြစ်တဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်များကို စွမ်းအားရှင်လို့ နိုင်ငံတော်က စာလုံးရွေးချယ်သတ်မှတ်ပြီးတော့ ဂုဏ်ပြုခေါ်ဝေါ် ခြင်းဖြစ်ပါတယ်” လို့ ရှင်းပြသွားခဲ့ပါတယ်။

ရန်ကုန်တိုင်းအတွင်းမှာ မြို့နယ်အလိုက် “ပြည်သူ့စွမ်းအားဖေါ်ထုတ်ရေးအဖွဲ့” တွေကို အဆင်သင့် ဖွဲ့စည်းထားဖို့အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း နဲ့ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တို့က ဒီနှစ် ဖေဖေါ်ဝါရီလ(၂၆)ရက်နေ့မှာ တိုင်းအတွင်းရှိ မယကဥက္ကဋ္ဌတွေကို လျှို့ဝှက်အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့ကြောင်း သိရှိရပါတယ်။ ဒီအစည်းအဝေးကို ဖေဖေါ်ဝါရီလ(၂၂)ရက်နေ့ ရန်ကုန်မြို့ သိမ်တော်ကြီးရှေ့မှာ ဖြစ်ပွားခဲ့တဲ့ ကုန်ဈေးနှုန်းကျဆင်းရေး ပြည်သူ့ဆန္ဒပြပွဲအပြီးမှာ အရေးပေါ် ခေါ်ယူကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ရပ်ကွက်တစ်ခုကို လုပ်ရဲကိုင်ရဲ၊ ရိုက်ရဲနှက်ရဲ အမာခံ(၅)ဦးစီ ရရှိအောင်စုဆောင်းထားပြီး သက်ဆိုင်ရာခရိုင်အလိုက် စစ်တိုင်းဌာနချုပ်က ကြီးကြပ်ပြုလုပ်ပေးမဲ့ စွမ်းအားရှင်သင်တန်းတွေမှာ တက်ရောက်လေ့ကျင့်ခိုင်းဖို့ ဗိုလ်မှူးချုပ် အောင်သိန်းလင်း က မယကဥက္ကဋ္ဌတွေကို ညွှန်ကြားခဲ့ပါတယ်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်ရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးက လူဆိုးလူမိုက်တွေကို မတ်လ(၃)ရက်နေ့မှာ အဖျက်အမှောင့်သင်တန်းတွေ စတင်ပို့ချပေးခဲ့ကြောင်း သိရှိရပါတယ်။ ဒီသင်တန်းမှာ ပြည်သူလူထုအတွင်း ရောနှောနေထိုင်ပြီး သတင်းရယူတဲ့နည်း၊ ဆူပူအကြမ်းဖက်မှုတွေ ပေါ်ပေါက်အောင် သွေးထိုးလှုံ့ဆော် ရန်စပေးတဲ့နည်း၊ တစ်ဦးချင်းအလိုက်၊ တပ်စိတ်အလိုက် ရိုက်နှက်ချေမှုန်းတဲ့နည်းတွေကို စာတွေ့လက်တွေ့၊ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရှိရပါတယ်။

မေလ(၂၇)ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ရန်ကုန်မြို့ ရွှေတိဂုံဘုရားပေါ်မှာ ဝတ်ပြုဆုတောင်းဖို့ စီစဉ်ထားတဲ့ (၈၈)မျိုးဆက်ကျောင်းသားတွေနဲ့ ပြည်သူတွေကို ချီတက်ရာ လမ်းကြောင်းတစ်လျှောက်မှာ ရန်စပြီး အင်အားသုံး ရိုက်နှက်သတ်ဖြတ်ဖို့အတွက် “ရန်ကုန်တိုင်း ပြည်သူ့စွမ်းအား ဖေါ်ထုတ်ရေးအဖွဲ့” က အစီအစဉ်တွေ ရေးဆွဲချမှတ်ပြီး ရှေ့တန်းကွပ်ကဲရေးဌာနချုပ်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားခြေရင်းရှိ ကျောက်ဆည်ဓမ္မာရုံမှာ ဖွင့်လှစ်ခဲ့ပါတယ်။ ရွှေတိဂုံဘုရားကို ချီတက်ဖို့အတွက် ဗဟန်းမြို့နယ် အဖွဲ့ချုပ်ရုံးရှေ့မှာ စုဝေးနေကြတဲ့ ပြည်သူတွေကို ဒိုင်နာကားတွေနဲ့ လမ်းဖြတ်ပိတ်ဆို့ပြီး အော်ဟစ်ဆဲဆို ခြိမ်းခြောက် ရန်စနေကြတဲ့ စွမ်းအားရှင်အမည်ခံ လူဆိုးလူမိုက်တွေဟာ ကားတွေပေါ်က ပလတ်စတစ် ရေခဲပုံးကြီးတွေထဲမှာ သံဒုတ်တွေ၊ ဒါးတွေနဲ့ လေးခွတွေကို ဖုံးကွယ် ယူဆောင်လာခဲ့ကြတယ်လို့ ဆိုပါတယ်။

လက်မှာ သွေးအလိမ်းလိမ်း စွန်းထင်းနေပြီဖြစ်တဲ့ စစ်အုပ်စုဟာ ပြည်သူတွေကို ဒီပဲယင်းမှာ ညမှောင်မှောင် ခြုံခိုတိုက်ခိုက်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ပြခဲ့ရုံနဲ့တင် အားမရနိုင်သေးလို့ ရန်ကုန်မြို့လည်ခေါင်မှာ လူထုအချင်းချင်း ထိပ်

တိုက်ရင်ဆိုင် အဓိကရန်းဖြစ်တဲ့ပုံစံမျိုးနဲ့ နေ့ခင်းကြောင်တောင်မှာ ထပ်မံသတ်ဖြတ်ဖို့ ကြိုးစားခဲ့တာကို မြန်မာပြည်သူတွေ သာမက မေ(၂၇) အထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည်အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတကာ သံတမန်တွေနဲ့ ပြည်တွင်းပြည်ပ သတင်းထောက်တွေကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ရှိသွားခဲ့ပြီဖြစ်ပါတယ်။ လူမဆန်တဲ့ စစ်အုပ်စုရဲ့ အကြံအစည်တွေကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်တွေ့သိရှိသွားအောင် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေက ပညာသားပါပါ ပြုလုပ်ပြနိုင်ခဲ့တဲ့အပြင် သူတို့ရဲ့ မူလရည်မှန်းချက်ဖြစ်တဲ့ လူထုဝတ်ပြုဆုတောင်းပွဲကိုလည်း အဖွဲ့ချုပ်ရုံးရှေ့မှာ အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့တာ တွေ့ရပါတယ်။

နအဖ စစ်ဗိုလ်ချုပ်ကြီးတွေ စိုးရိမ်ကြောက်လန့်နေတဲ့ မေ(၂၇)နဲ့ မေ(၃၀)ရက်နေ့တွေ ကျော်လွန်သွားခဲ့ပြီဖြစ်ပေမဲ့ ဇွန်(၆) အလုပ်သမားအရေးအခင်း နှစ်ပတ်လည်နေ့၊ ဇွန်(၁၉) ဒေါ်အောင်ဆန်းစုကြည်မွေးနေ့၊ ဇွန်(၂၁) မြေနီကုန်း လူသတ်ပွဲနေ့တွေ ရှိနေသေးတဲ့အတွက် နအဖဗိုလ်ချုပ်တွေက သူတို့ လျှို့ဝှက်ညွှန်ကြားထားတဲ့ အရေးပေါ်အခြေအနေ ကြေညာချက်ကို မရုတ်သိမ်းရဲသေးဘဲ ဖြစ်နေတာ တွေ့ရပါတယ်။ ဇူလိုင်လရောက်ရင်လည်း **7 July** အရေးအခင်းနဲ့ ဇူလိုင်(၁၉) အာဇာနည်နေ့၊ ဩဂုတ်လ ရောက်ရင်လည်း ရှစ်လေးလုံးနှစ်ပတ်လည်နေ့၊ စက်တင်ဘာလရောက်ရင်လည်း စစ်တပ်က အာဏာသိမ်းတဲ့ နှစ်ပတ်လည်နေ့၊ စသည်ဖြင့် (၁၂)လလုံး စစ်အာဏာရှင်တွေအတွက် ပြဿဒါးရက်တွေချည်း ဖြစ်နေတာကြောင့် ပြည်သူလူထုရဲ့လက်ထဲကို အာဏာလွှဲပြောင်း မပေးမချင်း အရေးပေါ်အခြေအနေနဲ့ အမြဲရင်ဆိုင်နေရမှာ သေချာပါတယ်။

မြန်မာပြည်သူတွေကလည်း သူတို့ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေကို မရမချင်း လူထုတိုက်ပွဲတွေကို တစ်ဗိုလ်ကျတစ်ဗိုလ်တက် နည်းမျိုးစုံနဲ့ ဆက်လက်တိုက်ခိုက်နေမှာဖြစ်တာကြောင့် ရှေ့ဆက်ပြီး လူထုတိုက်ပွဲတွေ ပြင်းထန်လာဖို့ ရှိနေပါတယ်။ စစ်အာဏာရှင်တွေအနေနဲ့ ပြည်သူလူထုရဲ့ ဒီမိုကရေစီတိုက်ပွဲ မီးတောက်မီးလျှံတွေကို ဘယ်လိုနည်းနဲ့မှ ငြိမ်းသတ်နိုင်မှာမဟုတ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Friday, June 01, 2007***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု